ဆက်သွယ်ရေးဥပဒေ ပြင်ဆင်ရေးနှင့် ပုဒ်မ ၆၆ (ဃ) ဖျက်သိမ်းရေးလှုပ်ရှားမှု ပူးပေါင်းအဖွဲ့

**Coalition on the Movement for**
**the Telecommunications Law Reform and Art.66D Abolishment**

mmtelecomlaw@lists.riseup.net

ဥက္ကဋ္ဌ
ဥပဒေကြမ်းကော်မတီ
ပြည်သူ့လွှတ်တော်
နေပြည်တော်

နေ့စွဲ။ ။၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်။

**အကြောင်းအရာ။ ။ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ (မူကြမ်း)အပေါ် သဘောထားမှတ်ချက် ပေးပို့ခြင်း**

လွှတ်တော်သို့ တင်သွင်းသည့် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို ဇူလိုင်လ ၈ ရက်နေ့က အစိုးရ သတင်းစာများတွင် ဖော်ပြလာသည်ကို တွေ့ရသည်။

ကျွန်ုပ်တို့ ဆက်သွယ်ရေးဥပဒေပြင်ဆင်ရေးနှင့် ပုဒ်မ ၆၆ (ဃ) ဖျက်သိမ်းရေးလှုပ်ရှားမှုပူးပေါင်းအဖွဲ့သည် အစိုးရနှင့် လွှတ်တော်က ဆက်သွယ်ရေးဥပဒေ ပြင်ဆင်ရန်ကြိုးပမ်းလာသည်ကို အသိအမှတ်ပြုပါသည်။ သို့သော်လည်း ပုဒ်မ ၆၆ (ဃ)နှင့် ပုဒ်မ ၈၀အား ပြင်ဆင်သည့်အချက်များတွင် အားနည်းချက်များရှိပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အခြားလူ့အခွင့်အရေးဆိုင်ရာ ထိခိုက်နေ သည့် လက်ရှိပြဿနာအရင်းအမြစ်များကို ထိရောက်စွာ ဖြေရှင်းနိုင်ခြင်းမရှိပါ။ ပြင်ဆင်သည့် ဥပဒေကြမ်းတွင် နိုင်ငံသားတို့၏ ပုဂ္ဂိုလ်ရေးရာအချက်အလက် လုံခြုံပိုင်ခွင့်အပြင် အင်တာနက်နှင့် အခြားဆက်သွယ်ရေးဝန်ဆောင်မှုများကို နှောင့်ယှက်ခံရခြင်းမရှိဘဲ လွတ်လပ်စွာ စဉ်ဆက်မပြတ် အသုံးပြုနိုင်ခွင့် စသည့် လူ့အခွင့်အရေးများအပေါ် ထိပါးနိုင်သည့် ဆက်သွယ်ရေးဥပဒေပါ (ပြင်ဆင်သင့်သည့်) အခြားပြဋ္ဌာန်းချက်များကိုလည်း ပြင်ဆင်ရန် ထည့်သွင်းထားခြင်း မရှိသည်ကို တွေ့ရသည်။

သို့ဖြစ်ပါ၍ လူ့အခွင့်အရေးကို အပြည့်အဝကာကွယ်ပေးသည့် ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းနိုင်ရေးအတွက် လက်ရှိ ဥပဒေကြမ်းကို အတည်မပြုမီ အဓိပ္ပါယ်ပြည့်ဝပြီး အများပြည်သူပါဝင်သည့် အကြံပြုဆွေးနွေးမှုများ လုံလောက်စွာ ခေါ်ယူကျင်းပလုပ်ဆောင်ပြီးမှသာ အတည်ပြုပြဋ္ဌာန်းရေးလုပ်ဆောင်ပါရန် အရပ်ဖက်အဖွဲ့အစည်းစုစုပေါင်း ၂၂ ဖွဲ့ ပါဝင် သည့် ကျွန်ုပ်တို့ ပူးပေါင်းအဖွဲ့က ဦးစွာ တိုက်တွန်းတောင်းဆိုလိုပါသည်။

ကျွန်ုပ်တို့ပူးပေါင်းအဖွဲ့သည်ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်ရေးနှင့် ပုဒ်မ ၆၆ (ဃ) ဖျက်သိမ်းရေးနှင့် ပတ်သက်၍ ဇွန်လ ၂၂ ရက်နေ့က ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်နှင့်အတူ ဝန်ကြီးဌာနက တာဝန် ရှိသူများ၊ ထို့အတူ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တာဝန်ရှိသူများနှင့် နေပြည်တော်တွင် တွေ့ဆုံကာ-

၁။) ပုဒ်မ ၆၆ (ဃ)အား ဥပဒေရှုထောင့် အပြင် လူ့အခွင့်အရေးနှင့် နိုင်ငံတကာက ကောင်းမွန်သည့် စံနှုန်းများနှင့်အညီ သုံးသပ်ချက်ချက်များအပေါ်အခြေခံကာ ပယ်ဖျက်သင့်ကြောင်းဆွေးနွေးခြင်းနှင့် ပုဒ်မ ၆၆ (ဃ)အား ပယ်ဖျက်ရန် ပူးတွဲကြေညာချက်အတစ်ရပ်အဖြစ် ဇွန်လ ၂၄ ရက်နေ့က ထုတ်ပြန်တောင်းဆိုခြင်း။ (ကြေညာချက် အား ပူးတွဲပါ တင်ပြချက်တွင် ဖတ်ရှုပါရန်)

mmtelecomlaw@lists.riseup.net

၂။)လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်၊ ပုဂ္ဂိုလ်ရေးရာအချက်အလက် လွတ်လပ်လုံခြုံခွင့်နှင့် အင်တာနက်အသုံးပြုပိုင်ခွင့် အပေါ်ထိခိုက်နေသည့် ၂၀၁၃ ခုနှစ်ဆက်သွယ်ရေးဥပဒေပါ အခြားပုဒ်မများကိုလည်း ပြန်လည်သုံးသပ် ပြင်ဆင်သင့်ပါကြောင်း တိုက်တွန်းချက်နှင့်အတူ အဆိုပါပုဒ်မများအပေါ် ကျွန်ုပ်တို့၏ သုံးသပ်ချက်များကို တင်ပြခြင်း၊ (ပူးတွဲပါ တင်ပြချက်တွင် ကြည့်ရှုပါရန်)

၃။) ဥပဒေပြင်ဆင်ရာအဆင့်တိုင်းတွင် အများပြည်သူပါဝင်သော ညှိနှိုင်းဆွေးနွေးတိုင်ပင်မှုများ ဆောင်ရွက်ရန်စသည့် တောင်းဆိုချက်များကို တင်ပြဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ဆွေးနွေးခဲ့သည့် အဆိုပါတင်ပြချက်များကို လက်ရှိ ဆက်သွယ်ရေးဥပဒေပြင်ဆင်ရေး ဆွေးနွေးရာတွင် ထည့်သွင်းစဉ်းစားပေးပါရန်နှင့် လွှတ်တော်က ထုတ်ပြန်သည့် ဆက်သွယ်ရေးဥပဒေ ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) အပေါ်တွင်လည်း ကျွန်ုပ်တို့ သုံးသပ်ချက်နှင့် အကြံပြုချက်များကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

**ဆက်သွယ်ရေးဥပဒေ ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အပေါ် သုံးသပ်ချက်**

**၁။ အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် ဆက်လက်ထားရှိခြင်းနှင့် ချက်ချက်ဖမ်းဆီးမှုကို ကာကွယ်ပေးနိုင်ခြင်း မရှိခြင်း-** ယနေ့အချိန်ထိ ပုဒ်မ ၆၆ (ဃ)ဖြင့် တရားစွဲခံရသည့် အများပြည်သူသိရှိသည့် အမှု ၇၃မှုတွင် အားလုံးသည် "အသရေဖျက်မှု" ပြစ်မှုဖြင့် မတရားဖမ်းဆီးထိန်းသိမ်းခံရပြီး ပြစ်ဒဏ်ကျခံရသည်ကို တွေ့ရသည်။ ယခုပြင်ဆင်သည့် မူကြမ်းပါ ပုဒ်မ ၆၆ (ဃ)တွင် ပုဒ်မ ၆၆ (ဃ)ဖြင့် မတရားဖမ်းဆီးမှုများ၏ အဓိကအကြောင်းရင်းဖြစ်သည့် "အသရေဖျက်မှု" ကို ပြစ်မှုတစ်ရပ်အနေဖြင့် ဆက်လက်ထားရှိပြီး၊ အဆိုပါပြစ်မှုအား (ပုဒ်မ ၈၀(က))အရ ရဲအရေးပိုင်မှု (ရာဇဝတ်မှု)အဖြစ်ဆက်လက်သတ်မှတ်ထားသည့်အတွက် လူ့အခွင့်အရေးကိုလေးစားလိုက်နာသော စုံစမ်းစစ်ဆေးခြင်းနှင့် အကာကွယ်ပေးခြင်း ယန္တရားကြားခံမရှိဘဲ စွပ်စွဲခံရသူများသည် ချက်ချင်းဖမ်းဆီး ထိန်းသိမ်းခံရမည်ဖြစ်ပြီး ယင်းပြဿနာကို ကာကွယ်ပေးနိုင်ခြင်းမရှိပေ။

**၂။ ဥပဒေက မတရားဖမ်းဆီးထိန်းသိမ်းနိုင်ခြင်းမှ ကာကွယ်ပေးနိုင်မှု မရှိခြင်း-** ဥပဒေမူကြမ်းပါ ပြင်ဆင်ချက်များတွင် ပုဒ်မ ၆၆ (ဃ)ပါ ပြစ်မှုများအား ပုဒ်မ ၈၀ (ဂ)အရ "အာမခံပေးနိုင်သည့် ပြစ်မှုများ" အဖြစ် သတ်မှတ်ချက်ပါရှိသော်လည်း အာမခံပေး "နိုင်" သည့် ပြစ်မှုများဟု ဆိုရာ အာမခံရ၊ မရ သေချာခြင်း မရှိဘဲ၊ ပုဒ်မ ၆၆ (ဃ)ဖြင့် မတရားဖမ်းဆီးထိန်းသိမ်းနေခြင်းကို အပြီးအပိုင် တားဆီးနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ လက်ရှိ ပုဒ်မ ၆၆ (ဃ)ဖြင့် တရားစွဲသည့် ပြစ်မှုများကို လေ့လာလျှင်လည်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ နောက်ဆက်တွဲ ဇယား (၂)အရ တရားသူကြီး၏ ဆင်ခြင်တုံတရား အရသာ အာမခံ ပေး၊ မပေး ဆုံးဖြတ်သည်ဖြစ်ရာ အာမခံပေးရာတွင် ဥပဒေအရ တသမတ်တည်း မဖြစ်ခြင်း၊ ကြောင်းကျိုး ညီညွတ်မှု မရှိသည့် အချက်များကို တွေ့ရသည်။ ယခုပြင်ဆင်လိုက်သည့် အာမခံပေး "နိုင်" သည့် ပြစ်မှုများအဖြစ် သတ်မှတ်ရုံဖြင့် လက်ရှိအခြေအနေကို ပိုကောင်းလာစေခြင်း မရှိပေ။

**၃။ ဝန်ကြီးဌာန၏ စောင့်ကြပ်ကြည့်ရှုစိစစ်နိုင်သည့် အခွင့်အာဏာကို ပယ်ဖျက်ခြင်း** - ဥပဒေမူကြမ်းပါ ပုဒ်မ ၈၀ (ခ) ပြင်ဆင်ချက်အရ ပုဒ်မ ၆၆(ဃ)ပါ ပြစ်မှုများအတွက် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင် ခွင့်ပြုချက်ယူရန်

လိုအပ်သည့်အချက်အား ပယ်ဖျက်သည်ကို တွေ့ရသည်။ သို့သော် အထက်တွင် ပါရှိသည့်အတိုင်း လူ့အခွင့်အရေးနှင့် ယှဉ်သော စောင့်ကြပ်ကြည့်ရှု့စိစစ်သည့် လုပ်ငန်းစဉ်မရှိဘဲ ရဲဌာန ဆုံးဖြတ်ချက်တစ်ခုတည်းဖြင့်သာ စစ်ဆေး၊ ဖမ်းဆီး၊ တရားစွဲ ဆိုနိုင်သည့်အတွက် လူ့အခွင့်အရေးအပေါ် ပိုမိုဆိုးရွားသည့် သက်ရောက်မှုများကို ဖြစ်ပေါ်လာစေနိုင်ပါသည်။ လက်ရှိ ပုဒ်မ ၆၆(ဃ)ပါ ပြစ်မှုများနှင့် ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တရားစွဲနိုင်ရန် ကြိုတင်ခွင့်ချက်ပေးရာတွင် စိစစ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်နှင့် လုပ်ငန်းစဉ်အတွက် လိုက်နာသည့် စည်းမျဉ်း စည်းကမ်းများမှာ ရှင်းလင်းစွာ သတ်မှတ်ထားခြင်းမရှိရာ ၄င်းတို့ စောင့်ကြပ် စိစစ်ခွင့်ပြုသည့် လုပ်ငန်းစဉ်သည် လူ့အခွင့်အရေး အပေါ် အလေးထားသည့် လုပ်ငန်းစဉ်မျိုး မဟုတ်သည်ကို တွေ့ရသည်။ ထို့ကဲ့သို့ပင် ယခုမူကြမ်းပါ ပြင်ဆင်ချက်သည့် အချက်သည်လည်း လူ့အခွင့်ရေးအပေါ် သက်ရောက်မှုနှင့်ပတ်သက်၍ သင့်တော်သည့် ထည့်သွင်းစဉ်းစားမှုများ ပါဝင်သည့် လူ့အခွင့်အရေးကိုလေးစားလိုက်နာသော စုံစမ်းစစ်ဆေးခြင်းနှင့် အကာကွယ်ပေးခြင်းယန္တရားကြားခံမျိုးထားရှိရမည့် အနေအထားကို လုံးဝမျက်ကွယ်ပြုထားပါသည်။

**၄။ လွတ်လပ်စွာထုတ်ဖော်ခွင့်အပါအဝင် အခြားလူ့အခွင့်အရေးများအား ထိပါးနိုင်သည့် ၂၀၁၃ ဆက်သွယ်ရေးဥပဒေပါ အခြား ပုဒ်မများအား မပြင်ဆင်ခြင်း** - ထို့အတူ ၂၀၁၃ခုနှစ် ဆက်သွယ်ရေးဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်၊ ပုဂ္ဂိုလ်ရေးရာအချက်အလက် လွတ်လပ်လုံခြုံခွင့်နှင့် အင်တာနက် အသုံးပြုပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို ထိခိုက်နေသည့် အချက်များကို ပြင်ဆင်ဖြည့်စွက်ထားခြင်း မရှိသည်ကိုတွေ့ရသည်။

လူ့အဖွဲ့အစည်းတွင်း ဥပဒေ၏သက်ရောက်ခြင်းခံကြရသော အများပြည်သူတို့၏ လူမှုဒုက္ခများ၊ စိုးရိမ်ကြောင့်ကြမှုများကိုလည်း သက်သာစေခြင်းမရှိသောကြောင့် ပြင်ဆင်သည့် ဥပဒေကြမ်းက ကောင်းမွန်သည့် အပြောင်းအလဲအား မဖော်ဆောင်နိုင်သည်ကို ကျွန်ုပ်တို့ အရပ်ဖက်အဖွဲ့အစည်း (၂၂)ဖွဲ့ပါဝင်သည့် ပူးပေါင်းအဖွဲ့က သုံးသပ်ပါကြောင်း တင်ပြလိုပအသည်။

ကျွန်ုပ်တို့ပူးပေါင်းအဖွဲ့၏ အကြံပြုသုံးသပ်ချက်များနှင့် ပတ်သက်၍ ဆက်သွယ်လိုပါက ဒေါ်ဝေဖြိုးမြင့် (ဖုန်းနံပါတ် - ၀၉ ၇၉ ၅၃၃၃ ၈၃၁/ Email - waiphyo.myint@myanmar-responsiblebusiness.org) သို့ ဆက်သွယ်နိုင်ပါသည်။

လေးစားစွာဖြင့်

ဝေဖြိုးမြင့် (ပူးပေါင်းအဖွဲ့ ကိုယ်စား)
ဒေသဆိုင်ရာဆက်သွယ်ညှိနှိုင်းရေးတာဝန်ခံ
မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန

ဆက်သွယ်ရေးဥပဒေ ပြင်ဆင်ရေးနှင့် ပုဒ်မ ၆၆ (ဃ) ဖျက်သိမ်းရေးလှုပ်ရှားမှု ပူးပေါင်းအဖွဲ့

**Coalition on the Movement for the Telecommunications Law Reform and Art.66D Abolishment**

mmtelecomlaw@lists.riseup.net

ဆက်သွယ်ရေးဥပဒေပြင်ဆင်ရေးနှင့် ပုဒ်မ၆၆ (ဃ) ဖျက်သိမ်းရေးနှင့် လှုပ်ရှားမှုပူးပေါင်းအဖွဲ့

1. Action Committee for Democracy Development (ACDD)
2. Article 19
3. Burma News International (BNI)
4. Democratic Youth Organization
5. Engage Media
6. Equality Myanmar
7. Free Expression Myanmar (FEM)
8. Generation Wave (GW)
9. Heinrich BoellStiftung Myanmar
10. Human Rights Defender Forum
11. Mass Movement Associations Network (ပြည်သူ့လှုပ်ရှားမှုမြှင့်တင်ရေးကွန်ယက်)
12. Myanmar Centre for Responsible Business (MCRB)
13. Myanmar ICT for Development Organization (MIDO)
14. Myanmar Journalists Association (MJA)
15. Myanmar Journalist Network (MJN)
16. Myanmar Journalists Union (MJU)
17. Myanmar Media Lawyer Network (MMLN)
18. Myanmar Women Journalists Society
19. PEN Myanmar
20. Phandeeyar: Myanmar Innovation Lab
21. Protection Committee for Myanmar Journalists
22. Research Team for Telecommunications Law

| အကြံပြုချက်များ | | | |
|---|---|---|---|
| ၂၀၁၃ ခုနှစ် ဆက်သွယ်ရေး ဥပဒေ | | | |
| လွတ်လပ်စွာထုတ်ဖော်ခွင့်ကို ထိခိုက်စေနိုင်သည့် ပြဋ္ဌာန်းချက်များ | | | |
| ပုဒ်မ | ပြဋ္ဌာန်းချက် | အကြံပြုချက် | မှတ်ချက် |
| ၆၆ (ဂ) | ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြု၍ငွေကြေးနှင့် ပစ္စည်းတစ်ရပ်ရပ်ကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်း၊ | အလွဲသုံးစားပြုခြင်း၊ အကျိုးပျက်စီးစေခြင်း အားပယ်ဖျက်ရန် | • ပြဋ္ဌာန်းချက်သည် အဓိပ္ပါယ်ကောက်ယူရန်နှင့် လိုက်နာဆောင်ရွက်ရန် ရှင်းလင်းပြတ်သားခြင်း မရှိဘဲ ဝေဝါးနေခြင်း၊ လွဲမှား ကောက်ယူ အသုံးပြုနိုင်ခြင်းကြောင့် |
| ၆၆ (ဃ) | ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင် အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း မလျော်ဩဇာ သုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း | အပြီးပယ်ဖျက်ရန် | • မြန်မာနိုင်ငံရှိ ရာဇသတ်ကြီးနှင့် ၂၀၁၅ခုနှစ်က ပြင်ဆင်သည့် သက်သေခံ အက်ဥပဒေတို့ တွင် လုံလောက်စွာပါဝင်ပြီးဖြစ်ခြင်း (အသေးစိတ်ကို ကို ပူးတွဲကြေညာချက်တွင် ဖတ်ရှု့ပါရန်) |
| ၆၈ (က) | မမှန်ကန်သော သတင်းအချက်အလက်ကို မရိုးမဖြောင့်သော သဘောဖြင့် ဆက်သွယ်ခြင်း၊ ဖမ်းယူခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ပေးဝေခြင်းသို့မဟုတ် ပါဝင်ဆောင်ရွက်ခြင်း၊ | အပြီးပယ်ဖျက်ရန် | • ပြဋ္ဌာန်းချက်သည် အဓိပ္ပါယ်ကောက်ယူရန် နှင့် လိုက်နာဆောင်ရွက်ရန် ရှင်းလင်းပြတ်သားခြင်း မရှိဘဲ ဝေဝါးနေခြင်း၊လွဲမှားကောက်ယူ အသုံးပြုနိုင်ခြင်းကြောင့် |
| ၆၈ (ခ) | သတင်းအချက်အလက်ပို့လွှတ်ခြင်း၊ ဖမ်းယူခြင်း၊ ဆက်သွယ်ခြင်း၊ ပေးဝေခြင်း သို့မဟုတ် ဖြန့်ချိခြင်းကို ခွင့်ပြုချက်မရှိဘဲ တားမြစ်ခြင်း၊ တားဆီး ပိတ်ပင်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း၊ | ပြင်ဆင်ရန် | • ရှင်းလင်းမှု မရှိသည့် အတွက် မြန်မာလိုသဘောပေါက်နားလည်ရှင်းလင်းအောင်အဓိပ္ပါယ်ဖွင့်ဆိုပေးသင့်ပါသည်။ (မည်သူ့ခွင့်ပြုချက်လဲဆိုသည်ကို မရှင်းလင်းပါ) |

| ပုဂ္ဂိုလ်ရေးရာ လွတ်လပ်လုံခြုံမှုကို ထိပါးနေသည့် ပြဋ္ဌာန်းချက်များ | | | |
|---|---|---|---|
| ပုဒ်မ | ပြဋ္ဌာန်းချက် | အကြံပြုချက် | မှတ်ချက် |
| ၇၇ | ဝန်ကြီးဌာနသည်အများပြည်သူအကျိုးအတွက်ဆောင်ရွက်ရန် အခြေအနေ ပေါ်ပေါက်သည့်အခါ အစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအား ယာယီရပ်ဆိုင်းရေး၊ ဆက်သွယ်မှုအမျိုးအစား တစ်ရပ်ရပ်ကိုမပြုလုပ်ရေး၊ တားဆီးထိန်းသိမ်းထားရှိရေး၊ လိုအပ်သည့်သတင်းအချက်အလက်နှင့် ဆက်သွယ်မှု | အပြီး ပယ်ဖျက်ရန် | • မည့်သည့် အခြေအနေတွင်မဆို နှောင့်ယှက်ခံရခြင်း မရှိဘဲ အင်တာနက်နှင့် အခြားဆက်သွယ်ရေး ဝန်ဆောင်မှုများအား လွတ်လပ်စွာ စဉ်ဆက်မပြတ် ရရှိနိုင်ရေးသည် ဥပဒေအရ ကာကွယ်ပေးရဖြစ်သည်။ ယင်းအချက်ကို UN က ၂၀၁၆ ခုနှစ် ဇူလိုင်လက |

| | | | |
|---|---|---|---|
| | များကိုရရှိနိုင်ရေး၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်သွယ်ရေးပစ္စည်းများကို ယာယီထိန်းချုပ် သုံးစွဲရေး တို့အတွက် လုပ်ငန်းလိုင်စင်ရှိသူအားညွှန်ကြားနိုင်သည်။ | | ဥပဒေဖြင့် စည်းနှောင်မှုမရှိသည့် ပဋိညာဉ်တစ်ရပ် အနေဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ |